## ၁၁။ ထန်းလျက်ခဲကြောင့် ဒဏ်ထမ်းကြရ

ဆရာတော် ။ ။ ဟုတ်တယ် မောင်ကျောင်းသား။ ရွှေကျင်နိကာယ နဝမသာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ထေရာသနတိုက် အပေါ်ထပ်မှာ သီတင်းသုံးတော်မူစဉ် အခါတုန်းက ည-၇ နာရီလောက်အချိန်မှာ ဆရာတော်ကြီးကို စောင့်ရှောက်နေတဲ့ ကိုရင်တစ်ပါးက စာအံနေပါတယ်။ အဲဒီလိုအမှောင်ထဲမှာ ကိုရင်စာအံနေရင်း ရုတ်တရက်လန့်အော်လိုက်တဲ့အတွက်ကြောင့် ဆရာတော်ကြီးက *"ဟဲ့ . . . ကိုရင် ဘာဖြစ်တာလဲ"* လို့ မေးတော်မူပါတယ်။

M.Sc ကျောင်းသား ။ ။ ဘာဖြစ်လို့တဲ့လဲဘုရား။

ဆရာတော် ။ ။ အဲဒီကိုရင်လေးက *"ဘုရားတပည့်တော်ကိုလက်နဲ့တို့ခံလိုက်ရလို့ လန့်အော်မိတာပါဘုရား"* လို့ လျှောက်လိုက်ပါတယ်။ ဒါနဲ့ ဆရာတော်ကြီးက *"ဘယ်သူက 'တို့' တာတုန်း"* လို့ မေးတော်မူမှ ကိုရင်က *"ညဘုရားဝတ်တက်ပြီးချိန်မှာ ထန်းလျက်ခဲ လာဝေပါတယ်ဘုရား၊ အမှောင်ထဲမှာ လက်နဲ့*

*တို့ပြီးပေးခဲ့လို့ ဘုရားတပည့်တော်က လန့်ပြီး အော်မိတာပါဘုရား"* လို့ လျှောက်လိုက်ပါတယ်။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။ ထန်းလျက်ခဲကို ညမှာ ကိုရင်လေးက ဘုဉ်းပေးလိုက်ပြီလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းရသေးဘူး။ ဆရာတော်ကြီးက *"မင်းတို့ ဝါဆိုကျောင်းက ဒီအချိန် ထန်းလျက် ဘယ်ကရသလဲ"* လို့ မေးစစ်တော်မူပါတယ်။ ကိုရင်ကလည်း *"ဘုရားဝတ်တက်ပြီးချိန်တိုင်းမှာ ထန်းလျက် ဝေတာပါဘုရား"* လို့ လျှောက်ထားတယ်။ ဆရာတော်ကြီးက *"မင်းတို့တစ်ကျောင်းလုံး ထန်းလျက်ခဲတွေ စားကြတာပေါ့"* လို့ မိန့်တော်မူတော့ ကိုရင်လေးကလည်း *"မှန်ပါဘုရား"* လို့ လျှောက်လိုက်ပါတယ်။ *"ကဲ. . . ကိုရင် မင်းတို့ ဘုန်းကြီးကိုလျှောက်လိုက်၊ မနက်ဖြန် တစ်ကျောင်းလုံး ဒကာ်ထမ်းကြ၊ ဦးဇင်းတွေက ဒေသနာကြားကြ"* လို့ မိန့်တော်မူပါတယ်။

M.Sc ကျောင်းသား ။ ။ မှန်ပါ့ဘုရား၊ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ မကျန်းမာတဲ့ပုဂ္ဂိုလ်က နေလွဲတဲ့အခါမှာ ထန်းလျက်ခဲစားကောင်းတယ်တဲ့၊ ကျန်းမာတဲ့ ရဟန်း

သာမဏေက ထန်းလျက်ခဲ မစားကောင်းဘူး။ ထန်းလျက်အရည်ကိုသာ သောက်ကောင်းပါတယ်။

Dr. အောင်သူ ။ ။ ဘုရားတပည့်တော်

နောက်ဆိုရင် ချင်းနဲ့ ထန်းလျက်ပြုတ်ပြီး ချင်းပြုတ်ရည် ကပ်ပါ့မယ် ဘုရား။

ဆရာတော် ။ ။ သာဓုပါ၊ သာဓု၊ သာဓု။

---

ကျမ်းညွှန်း

* ဦးအောင်မွန် (မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ ၂၀၁၆-ခုနှစ် ပထမအကြိမ်။ (နှာ-၁၂၂-၁၂၄)
* ဗေလဋ္ဌကစ္စာနဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၂၀)